# ဓ္ပဓ္ပ

# ညာတေဓ္ဆ



# အပိုင်း(၁)

## (၁)

မြိုင်သာယာ မြို့ငယ်လေး၏ မြို့စွန်။

ညဥ့် ၁ဂနာရီ သာသာလောက် သက်ကြီးခေါင်းချချိန်လို့ ပြောရမလား၊ မြို့၏ အစွန်အဖျားမို့ ကားသံလူသံတွေ တိတ်ဆိတ်ကာ ပုစဉ်းရင်ကွဲအော်သံဖားအော်သံ တို့ ကိုသာ ကြားနေရသည် ။

တစ်ချိန်က ခမ်းနားခဲ့မည်ဟု ထင်ရသော နှစ်ဆောင်မြိုင် အုတ်တိုက်ခံ (ပျဉ်ထောင်အိမ်ကြီး)သည် ကျယ်ဝန်းသော ဝင်းခြံကြီး အလယ်တွင် ထီးထီးကြီး ပေါ်လွင်နေသည် ။

အတိတ်က သာယာလှပသည့် ပန်းစိုက်ခင်းများ ရှိခဲ့မည်ဟု ထင်ရသည့် အိမ်ကြီး အရှေ့ကွက်လပ်မှာ အကျယ် ၉ပေခန့် ကျောက်သားလမ်း တစ်ခုသာ ထင်ရှားစွာ မြင်ရ၏။

လမ်း၏ ဘေးဝဲယာမှာ တော့ ယခုအခါ ချုံရိုင်းများ မြက်ရိုင်းများ နှင့် ရှုပ်ထွေးနေသည် ။

ညအမှောင်၏ လရောင် ဖျိုးဖျဖျမှာ တော့ ထိုနှစ်ဆောင်မြိုင် အိမ်ကြီးမှာ တစ္ဆေတစ်ကောင် ငုတ်တုတ်ထိုင် နေသလိုပင်။

ညဥ့်မှာ ထွက်၍ အစာရှာတတ်သော ငှက်အချို့သည် အိမ်အိုကြီးဆီမှ တစ်ခါတစ်ရံ ရုတ်ခြည်းထ ပျံသန်းလာသည့်အခါ မကောင်းသော နိမိတ်ပုံကို ပြ နေသကဲ့သို့ ရှိလေ၏။

အိမ်ကြီး၏ ပန်းဆွဲများ ရေတံလျှောက်များ တွင် အသိုက်ဖွဲ့နေကြသော ခိုငှက်တို့ ၏ ညည်းတွားသံမှာ လည်း ကြောက်မက်ဖွယ်အသံ ဖြစ်နေလေသည် ။

စိတ်အားငယ်တတ်သူဆိုလျှင် တစ္ဆေသရဲကို မမြင်ရသေးခင် အိမ်ကြီး အနေအထားကို ကြည့်၍ ကြောက်လန့် အော်ဟစ် ထွက်ပြေးမိမည်မှာ သေချာလှသည် ။

ထိုသို့ဆိုရလျှင် ဤအိမ်ကြီးထဲတွင် သက်ရှိလူသားတို့ နေထိုင်ခြင်း မရှိဘူးလားဟု မေးခွန်း ထုတ်ရလေသော်... .

အမှန်တကယ်တော့ ဤအိမ်ကြီးထဲတွင် လူသားစင်စစ် လင်မယားနှစ်ဦး နေထိုင်လျက် ရှိပါသည် ။

အသက်အရွယ်အားဖြင့် တတိယအရွယ်ဟု ခေါ်အပ်သော ၅၀ကျော် ၆၀နီးပါး ခန့်ရှိပြီဖြစ်သည် ။

ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်လာခဲ့သော ထိုအိမ်ကြီးတွင် ရှေးယခင်ကတော့ ဦးကျော်ဖေ၊ ဒေါ်ခင်တင့်တို့ လင်မယားနှင့် သားရတနာ ကျော်ကိုကို၊ သမီးအလှကညာ မေဖြိုးကို ဟူသော မိသားစုလေးယောက်တို့ သည် ပျော်ရွှင်သော နွေးထွေးသော မိသားစုတစ်စု အဖြစ် နေခဲ့ကြပါသည် ။

အဘယ်အကြောင်းရယ်မသိ၊ ဆေးကျောင်း တတိယနှစ်တက်နေသော ကျော်ကိုကိုသည် အိမ်အနောက်ဘက် ပစ္စည်းအဟောင်းများ ထားရာ ဂိုဒေါင်မီးလောင်သည့်အထဲ ပါသွားရှာ၏။

ကြွင်းကျန်ရစ်သော အရိုးကိုသာ ရှာဖွေတွေ့ရှိရပြီး ဝမ်းနည်းစွာ သင်္ဂြိုဟ်မြှုပ်နှံခဲ့ရသည် ။

မီးလောင်မှုကြောင့် လူသေမှုဖြစ်သည့်အခါ ရဲတပ်ဖွဲ့ဝင်များ ရောက်လာကာ စုံစမ်းစစ်ဆေးမှု ပြုကြသည် ။ သို့သော် လူသတ်မှုမဟုတ်ပဲ၊ မတော်တဆ လူသေမှုအဖြစ် အမှုပိတ်ခဲ့ရသည် ။

ပို၍ ထူးဆန်းသည် မှာ ကျော်ကိုကို သေဆုံးပြီး ညီမဖြစ်သူ မေဖြိုးကို မှာ မည်သူ့ကိုမှုစကား မပြောတော့ပဲ ကြောင်တောင်တောင် ဖြစ်သွားသည် ဟု ဆိုကြလေသည် ။

အနှီ မေဖြိုးကို ဆိုသည့် မိန်းမချောလေးသည် လည်း များ မကြာမီ ထိုခြံဝင်းကြီး တစ်နေရာတွင် အဆိပ်ရှိသော သတ္တဝါတစ်ကောင် ကိုက်ခံရ၍ သေဆုံးနေသည် ကို တွေ့ရသည် ။ ရဲတပ်ဖွဲ့က သေမှု သေခင်း စစ်ဆေးကြသည့်အခါ မြွေကိုက်ခံရသည် ဟု ပင် ကောက်ချက်ချ၍ အမှုကို ဆက်လက်စုံစမ်းခြင်း မရှိတော့ချေ။

ထိုဖြစ်ရပ်များ အလွန်တွင် မြို့စွန်က နှစ်ဆောင်မြိုင်အိမ်ကြီးသည် အစိမ်းသရဲများ မြူးထူး ကျက်စားနေပြီး သရဲ အလွန်ခြောက်သည် ဟု နာမည်ကြီး နေလေတော့သည် ။

အသက်အရွယ်ကြီးမြင့်ပြီ ဖြစ်သော ဦးကျော်ဖေနှင့်ဒေါ်ခင်တင့်တို့ လင်မယားမှာ ဤအိမ်ကြီးကို ရောင်းချသော်လည်း သရဲခြောက်သည် ဟု နာမည်ဆိုးဖြင့် ကျော်ကြားနေ၍ ဝယ်သူမရှိ အခက်တွေ့နေကြသည် ။

မိဘအမွေအနှစ်များကို ထုခွဲရောင်းချကာ စားသောက် နေထိုင်နိုင်သည် အထိ ချမ်းသာကြွယ်ဝ၍ တော်သေးသည် ဟု ဆိုရမည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာ ဆိုရိုးစကား အတိုင်းပင် ပြီးခဲ့သည့်နှစ်က ဦးကျော်ဖေသည် အိမ်အပေါ်ထပ်လှေကားမှ အောက်သို့ပြုတ်ကျကာ အောက်ပိုင်း မသန်တော့ပဲ ဝှီးချဲကို အသုံးပြုကာနေရပြီး ဒေါ်ခင်တင့်ပြုစုမှုကို ခံယူနေရရှာ၏။

အသက်ကြီးပြီဖြစ်သော ဒေါ်ခင်တင့်မှာ စိတ်ကပြုစုလိုစိတ် အပြည့်ရှိသော်လည်း လူက မလိုက်နိုင်တော့ပေ။

ထို့ကြောင့် ပရိုက်ဗိတ်နာ့စ် ငှားရမ်းကာ ပြုစုရရှာသည် ။

အံ့သြဖွယ်ကောင်းသည် က သူနာပြုငှားရမ်းခကို သူများ ထက် ပိုပေးသော်လည်း ရက်တစ်ပတ်ထက်ပို၍ မမြဲပေ။

အဘယ်ကြောင့် ဆိုသော် ထိုနှစ်ဆောင်မြိုင်အိမ်ကြီး၌ သရဲခြောက်သည် ဟု သူနာပြုများ ကိုယ်တွေ့ ကြုံတွေ့ခဲ့ရမှုများကြောင့်ပင် ဖြစ်ချေသည် ။

ထို့ကြောင့်... အကြောင်းမသိသေးသည့် ရပ်ဝေးမှ သူနာပြုများကို ငှားရမ်းရန် ဒေါ်ခင်တင့် နေ့စဉ် သတင်းစာများ တွင် ကြော်ငြာထည့်ကာ သူနာပြု ခေါ်ရလေတော့သည် ။

***

(၂)

ရန်ကုန်မြို့၏ တစ်နေရာ (အမျိုးသမီးသီးသန့် အဆောင်တစ်ခု)

"နင်တကယ် ဆုံးဖြတ်ပြီးပြီလား ... ပျိုမေ"

အဝတ်များ မီးပူထိုးနေရင်းမှ မြနှစ် အခန်းဖော် ပျိုမေကို လှမ်းမေးလိုက်သည်။

ပျိုမေက အဝတ်စားများကို ခရီးဆောင်အိတ် အတွင်းသို့ ထည့်ရင်း အခန်းဖော်ဖြစ်သောမြနှစ်အား ခေါင်းညိတ် ပြလိုက်သည်။

"ပြီးခဲ့တဲ့ တစ်ပတ်လောက် ကတည်းက ငါ နင့်ကို ပြောခဲ့ပြီးပြီပဲ ... မြနှစ်ရယ်၊ ငါ ဒီမှာ မနေချင်တော့တာလည်း နင် အသိသားပဲ ...၊ မေ့မေ့ပျောက်ပျောက် ဖြစ်သွားအောင် အဝေးကို ထွက်သွားချင်တာနဲ့ အခုအလုပ်နဲ့ က အံဝင်ခွင်ကျ ဖြစ်နေတယ်လေ၊ ငါ မနက်ဖြန် စောစောသွားမှာ ...။ ကားလက်မှတ်လည်း ဝယ်ထားပြီးပြီလေ"

မြနှစ်က မီးပူကို ခဏထောင်ထားရင်း ပျိုမေကိုကြည့်ကာ ... "ပျိုမေရယ် ... နင် အရှုံးပေး ထွက်သွားတော့မယ်ပေါ့၊ နင်က ... အပြစ်လုပ်တဲ့ သူမှ မဟုတ်ပဲပဲဟယ်၊ နင့်အကောင်းက သစ္စာမဲ့တာပဲ ...၊ ကိုယ်က သူတို့ရှေ့ ခပ်မာမာပဲ ရပ်တည်ပြရမှာ ပေါ့ ...၊ ဖြစ်နိုင်ရင် နင် ... မသွားပါနဲ့လား"

ပျိုမေ ... အဝတ်အိပ်အနီး ထိုင်ချလိုက်ရင်း အတိတ်ကို ပြန်တွေးမိ

သွားဟန်ဖြင့် မျက်ရည်ဝဲသွား၏။ သူမ မျက်တောင်တို့ ကို ပုတ်ခတ်ကာ ဝဲတက်လာသည့် မျက်ရည်တို့ သိမ်းဆည်းရင်း ...၊ ရှိုက်သံသဲ့သဲ့ဖြင့် ...

"ငါ့ရှေ့မှာ ငါ့ချစ်သူကို တခြားမိန်းမ တစ်ယောက်နဲ့ အမြဲမြင်တွေ့နေရမဲ့ လုပ်ငန်းခွင်နဲ့ စာရင်၊ အခုလို အဝေးကို ထွက်သွားတာ ...၊ အရှုံးပေးတယ်လို့ ပဲ ပြောချင်ပြောပါစေတော့။ ငါ ... စိတ်သက်သာရာ တစ်ခုကို ရွေးချယ် လိုက်တာပဲ မြနှစ်"

မြနှစ် သူမ၏ သူငယ်ချင်းဖြစ်သူကို စာနာနားလည်စိတ်ဖြင့် စိတ်မကောင်းကြီးစွာ ခေါင်းညိတ် ပြလိုက်သည် ။

မြနှစ်နှင့် ပျိုမေဆိုတာ ခုမှ အဆောင်တစ်ခုထဲမှာ အတူနေ မဟုတ်ခဲ့ဘူးလေ။

ဟိုအရင် သူနာပြုတက္ကသိုလ် စတက်ကတည်းက ခင်မင်ရင်းနှီးစွာ ပြောမနာဆိုမနာ ပေါင်းသင်းလာခဲ့သည့် သူငယ်ချင်း အရင်းကြီးတွေပဲ။

ပုဂ္ဂလိကဆေးရုံတစ်ခုတွင် အလုပ်ဝင်တော့လည်း အတူတူ၊ ပြင်ပအဆောင် တစ်ခုတွင် ညီမအရင်းသဖွယ် နေထိုင်ခဲ့ကြသူများ မို့ ပျိုမေ၏ နှလုံးသား ဒဏ်ရာအကြောင်း မြနှစ်က အစဆုံး သိထားခဲ့သည် ။

အတိုချုပ်ဆိုရလျှင် ပျိုမေ၏ ချစ်သူ ဒေါက်တာနေယံသည် သစ္စာမဲ့စွာ ပျိုမေအား ခေါက်ထားခဲ့ပြီး ထိုဆေးရုံ၏ အုပ်ချုပ်မှုဒါရိုက်တာ တစ်ဦးနှင့် စေ့စပ်ကြောင်းလမ်းခဲ့ခြင်းပင် ဖြစ်သည် ။

ဆေးရုံတစ်ခုထဲတွင် အလုပ် လုပ်နေကြသူများ မို့ နေ့စဉ် မြင်တွေ့နေရမည့် ပျိုမေ၏ ရှက်ရွံ့အားငယ်မှုကို မြနှစ်ခံစား နားလည်နိုင်ပါသည် ။

သို့သော် ၅နှစ်ခန့် အတူနေလာခဲ့သည့် သံယောဇဉ်ကြောင့် မြနှစ် ...

ပျိုမေ နယ်တွင် သွား၍ အလုပ်လုပ်မည်ကို ကန့်ကွက်နေခြင်း ဖြစ်သည် ။

သို့ပေမဲ့ ပျိုမေက သွားဖို့ ရန် အသင့်ပြင်ဆင်ပြီးမှ သူမကို အသိပေးခဲ့ခြင်းပင်။

"စိတ်မပူပါနဲ့ ... မြနှစ်ရယ်၊ အခု ... ငါအလုပ်ဝင်မယ့်အိမ်က ... သက်ကြီးရွယ်အို လင်မယားပဲ ရှိတာပါ။ ကုသိုလ်လည်း ရ ... ဝမ်းလည်း ဝတဲ့ အပြင် ငါလည်း နေရာအသစ် ဒေသအသစ်မှာ စိတ်ဓာတ် ပိုခိုင်မာအောင် ပြုစုပျိုးထောင်ရင်းပေါ့ဟယ် ... အဆင်မပြေလည်း နင့်ဆီ ငါ ဖုန်းဆက် အကြောင်းကြားမှာ ပါ ... စိတ်ချနော် သူငယ်ချင်း"

"အေးပါ ပျိုမေရယ် ... နင်လည်း နင့်အကြောင်းနဲ့ နင်ဆိုတော့ ငါလည်း မတားရက်တော့ပါဘူး၊ ဒါပေမဲ့ ငါ့ဆီကို ဖုန်းဆက်နော် ပျိုမေ၊ ငါလည်း တစ်နေ့တစ်ကြိမ် ဆက်မယ် အဆင်မပြေရင် ပြန်လာခဲ့ဟယ် ... မြို့ပေါ်မှာ က ဆေးရုံတွေ ပေါပါတယ် ..."

ပြောလည်း ပြော ဝမ်းလည်း နည်းနဲ့ မို့ မြနှစ်တစ်ယောက် ပျိုမေရှိရာသွားကာ ဖက်၍ ငိုပါလေတော့သည် ။

မြနှစ်က စိတ်အား ငယ်တတ်သူလည်း ဖြစ်၊ သူငယ်ချင်းကို အားကိုးတတ်သူမို့၊ စိတ်ဓာတ်မာကျော၍ အမြဲရှေ့က ဦးဆောင်သူ ပျိုမေ မရှိတော့ သူအားငယ် ဝမ်းနည်းရှာသည် ပေါ့။

နောက်တစ်နေ့ နံနက်စောစော အဝေးပြေးကားဖြင့် ပျိုမေသည် သူမ အလုပ်ဝင်ရမည့် မြိုင်သာယာမြို့ငယ်လေးဆီသို့ ထွက်ခွာ လာခဲ့လေသည် ။

***